**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ ( ၄ /၂၀၂၁)**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်

အကြောင်းအရာ။ **သတင်းလွှာ (၃/၂၀၂၁) ပါအချက်အား ပြင်ဆင်ဖြည့်စွက်သည့် သတင်းလွှာ ထုတ်ပြန်ခြင်း**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၁ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် သတင်းလွှာ (၃/၂၀၂၁) ပါ ဆေးဝါးများ၊ အားဆေးများနှင့် စပ်လျဉ်း၍ သွင်းကုန်လိုင်စင်လျှောက်ထားမှုတွင် DIAC နှင့် DRC သက်တမ်းကုန်ဆုံးသည့်တိုင် သွင်းကုန်လိုင်စင်ခွင့်ပြုပေးမည့်ဖော်ပြချက် အပိုဒ် ၂ (က) အား အောက်ပါအတိုင်း ဖြည့်စွက်ထုတ်ပြန်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဆေးဝါးတင်သွင်းခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်(Drug Importation Approval Certificate – DIAC) အသစ်လျှောက်ထားခြင်းနှင့် ဆေးဝါးမှတ်ပုံတင်လက်မှတ် (Drug Registration Certificate – DRC) များ လျှောက်ထားဆဲကိစ္စရပ်များအတွက် သွင်းကုန်လိုင်စင်လျှောက်ထားမှုအား အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုခြင်း၊

(ခ ) DIAC နှင့် DRC ၏ သက်တမ်းကုန်ဆုံးသည့်ကိစ္စရပ်များအတွက် DIAC နှင့် DRC ရရှိထားပြီး ယခင်တင်သွင်းလျက်ရှိသော ဆေးဝါးများဖြစ်ပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အဆိုပါမှတ်ပုံတင်လက်မှတ်များကို သက်တမ်းတိုး လျှောက်ထားကြောင်း ယင်းဌာန၏ ထောက်ခံချက်ဖြင့် သွင်းကုန်လိုင်စင်ခွင့်ပြုပေးခြင်း။

**ကုန်သွယ်ရေးဦးစီးဌာန**